# Chinland Defense Force_Paletwa

## အသိပေးထုတ်ပြန်ချက်

ရက်စွဲ ။ ။ ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်

၁။ CDF-Paletwa သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း စစ်မှန်သောဖယ်ဒရယ်ဒီမိုကရေစီပေါ်ပေါက်ရေးနှင့်ဖယ်ဒရယ်တပ်မတော်ထူထောင်ပြီးသည့်အထိပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် ပလက်ဝမြို့နယ်ကို အခြေပြုဖွဲ့စည်းထားသော ချင်းလဲန်ကာကွယ်ရေးတပ်ဖွဲ့ဝင်ဖြစ်သည်။

၂။ ဤကဲ့သို့ မိမိပြည်သူလူထုများ၏ လုံခြုံရေးကို အဓိကထား တစ်စိုက်မတ်မတ် ဆောင်ရွက်နေချိန်တွင် ၁၆.၁၂.၂၀၂၁ ရက်နေ့ ညနေပိုင်း ၄ နာရီအချိန်၌ ပလက်ဝမြို့နယ် ဆမီးမြို့၊ စိုးနီကနောင် ကျေးရွာအတွင်း မျက်နှာဖုံးစွပ်၍ ဝင်လာသော လက်နက်ကိုင် လူ၅ဦးမှ ကျေးရွာသားလူ ၄ ဦးအပါအဝင် ကုမ္ပဏီဝန်ထမ်း ၃ ဦး စုစုပေါင်း ၇ဦးအား ကျေးရွာအပြင်ဘက်သို့ ဖမ်းဆီးခေါ်ဆောင်ပြီး ရက်စက်စွာ ပစ်သတ်ခဲ့ရာ ၆ ဦးသေ ၊ ၁ ဦးပြင်းထန် ဒဏ်ရာရရှိခြင်းကြောင့် CDF-Paletwa အနေဖြင့် ကျန်ရစ်သူ မိသားစုများ နှင့်ထပ်တူ ဝမ်းနည်းရပါသည်။

၃။ ထို့ကြောင့် ထိုလုပ်ရပ်သည် CDF-Paletwa နှင့် ပြည်သူကြား အထင်လွဲမှားမှုများဖြစ်ပေါ်လာနိုင်သည့်အပြင် အပြစ်မဲ့ပြည်သူများအပေါ် လက်နက်အားကိုးဖြင့် အစုလိုက်အပြုံလိုက်လူမဆန်စွာသတ်ဖြတ်ခဲ့သော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များအား ဆက်လက်စုံစမ်းစစ်ဆေးမှုများပြုလုပ်ကာ ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်သွားရန်နှင့် အပြစ်မဲ့ပြည်သူများ၏ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအပေါ် အပြည့်အဝ တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်လိုက်သည်။

**Chinland Defense Force (Paletwa)**

**ဆက်သွယ်ရန် +9196909512108**